ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ် ၊

# ဧရာဝတီတိုင်းဒေသကြီး ၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**၂၀၁၂ ခုနှစ်၊ ရေဝတီတိုင်းဒေသကြီး၏**

**ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ**

**(၂၀၁၂ ခုနှစ်၊ ရေဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆/၂၀၁၂ ။)**

၁၃၇၃ ခုနှစ် ၊တန်ခူးလပြည့်ကျော်        ရက်

( ၂၀၁၂ ခုနှစ်၊ ဧပြီလ        ရက် )

ရေဝတီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ရေဝတီတိုင်းဒေသကြီး ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ် ၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

## တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊တိုင်းဒေသကြီး လွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊တိုင်းဒေသကြီး ဥပဒေချုပ် ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ၊တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် ၊ တိုင်းဒေသကြီးဥပဒေချုပ် ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်း များကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကိုတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှထုတ်ယူ သုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊ တိုင်းဒေသကြီးဥပဒေချုပ် ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား ( ၁ )၊ ( ၂ )၊ ( ၃ ) နှင့် ( ၄ ) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကိုစီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း ၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဌာန အဖွဲ့အစည်းများ၏ လုပ်ငန်း အရ လိုအပ်လျှင်ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲ ခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း များတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့် သွင်းဖော် ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း ၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ် သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်း များကို ဆောင်ရွက် ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကိုတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ သို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ မှထုတ်ယူ သုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၃) နှင့် (၄) တို့တွင် မိမိ နှင့် ယှဉ်တွဲဖော်ပြထား သည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေ နိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း ၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်း အရ လိုအပ်လျှင်ဇယား (၃) နှင့် (၄) တို့တွင်ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲ ခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း များတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော် ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း ၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲ ဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်များ၊ ညွှန်ကြားချက်များအရခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရမိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၀။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကိုစီမံကြီးကြပ် ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့်(၆) တို့တွင် ဖော်ပြထားသော ငွေများကိုပြောင်းလဲပေးနိုင်သည်။ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၂–၂၀၁၃ ခုနှစ် အတွက်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

ဝန်ကြီးချုပ်
ရှေ့ဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ<br>အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ<br>ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ<br>ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က<br>တာဝန်ပေးသူ | | | ၂၃.၇၈၃ | | | | | | |
| ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဥပဒေချုပ်က<br>တာဝန်ပေးသူ | | | ၀.၈၅၀ | | | | | | |
| ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးစာရင်းစစ်ချုပ်က<br>တာဝန်ပေးသူ | | | ၀.၁၄၅ | | | | | | |
| | ပေါင်း | | | | ၂၄.၇၇၀ | | | | | | |

## တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၇၀၂.၉၀၁ | | | | | | |
| ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးတရားဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၃၃၂.၆၃၅ | | | | | | |
| ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၆၁၇.၀၅၀ | | | | | | |
| | ပေါင်း | | **၁၆၅၂.၅၈၆** | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင် ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၇၀၇.၆၈၇** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၇၀၇.၆၈၇ | | | | | | | | |
| ၂ | | **နိုင်ငံတော်ပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၄င်း | **၃၈၀၂.၄၀၆** | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၃၀.၆၉၇ | | | | | | | | |
| | ၂ | တာတမံခွန် | | ၇.၇၈၆ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၃၉၁.၉၅၅ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၇.၆၄၂ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၃၃၆၄.၃၂၆ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၄င်း | **၇၃၂.၅၁၁** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၅၅၅.၉၉၀ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၇၆.၅၂၁ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ** | ၄င်း | | **၁၄၈.၉၄၄** | | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် | | | **၁၃.၄၂၃** | | | **၁၀၀၀.၀၀၀** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | | | ၁၂.၂၄၂ | | | ၁၀၀၀.၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီး ဝန်ကြီးချုပ်က | | | ၀.၀၃၁ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | တာဝန်ပေးသူ | | | ၁.၁၅၀ | | | | | | |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | **၃၁.၅၀၀** | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃၁.၅၀၀ | | | | | | |
| ၇ | | **သမဝါယမ** | ၎င်း | | | **၆၈.၄၀၉** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၆၈.၄၀၉ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၁၉.၈၅၉** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၇.၀၈၃ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂.၇၇၆ | | | | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၃၉၅.၂၁၆** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၄၆၀ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်း နှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၃၉၄.၇၅၆ | | | | | | |
| ၁၀ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | | | | | | **၄၀၈၀၈.၅၄၁** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၄၀၈၀၈.၅၄၁ | | | |
| ၁၁ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | **၀.၀၃၀** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၃၀ | | | | | | |
| ၁၂ | | **အလုပ်သမား** | ၎င်း | | | **၀.၀၀၂** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀.၀၀၂ | | | | | | |
| ၁၃ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | | | **၁၀.၃၇၅** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၀.၃၇၅ | | | | | | |
| ၁၄ | | **အားကစား** | ၎င်း | | | **၀.၀၃၅** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀.၀၃၅ | | | | | | |
| ၁၅ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၅၆၀၄.၄၅၂** | | | | | | |
| | | ပေါင်း | | **၅၂၄၂.၆၀၄** | **၁၄၈.၉၄၄** | **၆၂၃၁.၃၀၁** | | | **၄၁၈၀၈.၅၄၁** | | | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် | **၅၂၀၇.၃၉၆** | | **၁၁၀၀.၀၀၀** | **၂၆၉.၁၂၅** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၃၉၇၄.၆၅၅ | | ၁၁၀၀.၀၀၀ | ၁၇၂.၃၉၃ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီး ဝန်ကြီးချုပ်က | ၁၀၆.၇၈၈ | | | ၉၆.၇၃၂ | | | |
| | ၃ | အကျဉ်းဦးစီးဌာန | တာဝန်ပေးသူ | ၁၁၂၆.၁၅၃ | | | | | | |
| ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၁၄၇၆.၃၁၉** | | | **၄၈.၆၀၀** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၄၅၀.၁၆၁ | | | ၄၈.၆၀၀ | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၆.၁၅၈ | | | | | | |
| ၃ | | **သမဝါယမ** | ၎င်း | **၅၅၁.၈၆၀** | | | **၁၉.၃၀၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၅၅၁.၈၆၀ | | | ၁၉.၃၀၀ | | | |
| ၄ | | **မွေးမြူရေးနှင့် ရေလုပ်ငန်း** | ၎င်း | **၆၁၆.၂၂၂** | | | **၁၆၅.၈၄၀** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၄၀.၉၁၀ | | | ၁၄၄.၂၄၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၇၅.၃၁၂ | | | ၂၁.၆၀၀ | | | |
| ၅ | | **ဆောက်လုပ်ရေး** | ၎င်း | **၈၂၀၉.၁၄၄** | | | **၂၆၁၂၆.၁၀၀** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၈.၈၇၂ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်း နှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၈၁၁၀.၂၇၂ | | | ၂၆၁၂၆.၁၀၀ | | | |
| ၆ | | **ဘဏ္ဍာရေးနှင့် အခွန်** | ၎င်း | **၄၀.၆၄၄** | | | **၈၅.၂၀၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၀.၆၄၄ | | | ၈၅.၂၀၀ | | | |
| ၇ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၂၇၅.၆၆၆** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၇၅.၆၆၆ | | | | | | |
| ၈ | | **အလုပ်သမား** | ၎င်း | **၃၈.၃၂၀** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | ၃၈.၃၂၀ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | **၆၆၉.၄၆၄** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၆၆၉.၄၆၄ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | **၁၅၂.၀၀၂** | | | **၄၃၉.၀၉၇** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၅၂.၀၀၂ | | | ၄၃၉.၀၉၇ | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၂၉၃၁.၀၁၂** | | | **၃၃၄၃.၃၆၄** | | | |
| | | ပေါင်း | | ၂၀၁၆၉.၀၄၉ | | ၁၁၀၀.၀၀၀ | ၃၀၄၉၆.၇၀၆ | | | |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၄၇.၆၃၁** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၄၇.၆၃၁ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၄င်း | | | **၉၈.၇၀၀** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၉၈.၇၀၀ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၄င်း | | | **၃၄၂၄၁.၄၅၂** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၃၄၂၄၁.၄၅၂ | | | | | | |
| | | ပေါင်း | | | | ၃၄၃၈၇.၇၈၃ | | | | | | |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြန်ကြားရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၄၁.၅၄၀** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၄၁.၅၄၀ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၄င်း | **ဂ၉.၀၁၃** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ဂ၉.၀၁၃ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၄င်း | **၃၄၁၆၁.၁၁၈** | | | **၁၃၃.၀၅၉** | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၃၄၁၆၁.၁၁၈ | | | ၁၃၃.၀၅၉ | | | |
| | | **ပေါင်း** | | **၃၄၂၉၁.၆၇၁** | | | **၁၃၃.၀၅၉** | | | |